# Second Sunday of Lent - Year A

## ဝါတွင်းဒုတိယတနင်္ဂနွေနေ့။

**ပဌမကျမ်း။**

### "ဘုရားရွေးချယ်ထားသောလူမျိုး၏ အဖအာဗြဟမ်ကိုခေါ်တော်မူခြင်း"

*ကမ္ဘာဦးကျမ်း- ၁၂။ (၁-၄က)။*

ထိုကာလ၌ သခင်ဘုရားသည်အာဗြဟမ် ကိုမိန့်တော်မူသည်မှာ သင်၏ပြည်၊ သင်၏မိသားစု၊ သင့်အဖ၏ အိမ်မှထွက်၍ ငါပြလတ္တံ့သောတိုင်းပြည်သို့သွားလော့။ ငါသည်သင့်ကိုလူမျိုးကြီးဖြစ်စေမည်။ ငါကောင်းချီးပေး၍ သင်၏နာမကိုကြီးမြတ်စေမည်။ သင်သည်ကောင်းချီးခံရသူဖြစ်လိမ့်မည်။ သင့်ကိုကောင်းချီး ပေးသောသူကို ငါကောင်းချီးပေးမည်။ သင့်ကိုကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။ သင့်အားဖြင့်လည်း လူအပေါင်းတို့သည် ကောင်းချီး မင်္ဂလာကိုခံရကြလိမ့်မည်။ ထိုကြောင့်အာဗြဟမ်သည်လည်း သခင်ဘုရား မိန့်တော်မူသည့် အတိုင်း သွားလေ၏။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်းကျူးခြင်း။**

ဆာလံ– ၃၂–၃၃၊

သံပြိုင်။ ။အိုသခင်ကိုယ်တော်၌ကျွန်ုပ်တို့မျှော်လင့်ကြသည့်အတိုင်း ကိုယ်တော့်ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အပေါ်သို့သက်ရောက်ပါစေ။

- အကြောင်းမူကား သခင်ဘုရား၏နှုတ်ကပါဌ်တော်သည် ဖြောင့်မတ်တော်မူ၏။ ကိုယ်တော်၏လုပ်ဆောင် မှုခပ်သိမ်းတို့သည် သစ္စာနှင့်ပြည့်စုံ၏။ သခင်ဘုရားသည် တရားမျှတခြင်းနှင့်ဖြောင့်မတ်ခြင်းကို နှစ်သက်တော်မူ ၏။ မြေကြီးသည်လည်း သခင်ဘုရား၏ မေတ္တာတရားဖြင့်ပြည့်ဝတော်မူ၏။ (သံပြိုင်)။
- ကိုယ်တော်ကိုရှိသေလေးစားသူတို့နှင့် မေတ္တာတရားကိုမျှော်လင့်သူတို့အား ကရုဏာသက်တော်မူ၏။ သေခြင်း မှကယ်ဆယ်တော်မူ၍ အစာငတ်မွတ်ချိန်တွင်ကျွေးမွေးပြုစုတော်မူ၏။ (သံပြိုင်)။
- ကျွန်ုပ်တို့၏ဝိညာဉ်သည် သခင်ဘုရားကိုမျှော်လင့်လျက်နေ၏။ အကြောင်းမူကား ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကူညီသူနှင့် ကာကွယ်စောင့်ရှောက်သူဖြစ်တော်မူ၏။ အိုသခင်ကိုယ်တော်၌ ကျွန်ုပ်တို့ မျှော်လင့်ကြသည့်အတိုင်း ကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်သည် ကျွန်ုပ်တို့အပေါ်သို့သက်ရောက်ပါစေ။ (သံပြိုင်)။

ဒုတိယကျမ်း။

## "ဘုရားသခင်သည်ကျွန်ုပ်တို့ကိုခေါ်တော်မူ၍ အလင်းကျေးဇူးပေးတော်မူသည်။"

*မှန်မြတ်သောတပည့်တော်ကြီးသံပေါလူး တိမောတေထံရေးသောစာ၊ ဒုတိယစောင်။ (၁၊၈မှ၁၀အထိ)*

ချစ်သား။

ဧဝံဂေလိတရားတော်အတွက် ဘုရားသခင်၏ကျေးဇူးတော်ကိုအားကိုးလျက်တွေ့ကြုံရသောအခက်အခဲ ဒုက္ခများကို ကျွန်ုပ်နှင့်အတူခံထမ်းပါလော့။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကယ်ဆယ်တော်မူ၍ သန့်ရှင်းသောသူများ ဖြစ်ကြရန် ခေါ်တော်မူခြင်းသည် ကျွန်ုပ်တို့ပြုကျင့်ခဲ့သော ကောင်းမှုများကြောင့်မဟုတ်၊ ကိုယ်တော်ရည်ရွယ်ချက်ရှိတော်မူသည့်အတိုင်း မိမိကျေးဇူးတော်ဖြင့်ခေါ်တော်မူသည်။ ထိုကျေးဇူးတော်ကို ဤလောကမတည်မရှိမီကပင် ယေရှုခရစ္စတူးသခင်၌ ကျွန်ုပ်တို့အားပေးတော်မူခဲ့သည်။ ယခုကာလ၌မူကား ကျွန်ုပ်တို့၏ ကယ်တင်ရှင်ယေရှုခရစ္စတူးပေါ်ထွန်းလာတော်မူခြင်းဖြင့် ထိုကျေးဇူးတော်ကိုထုတ်ဖော်၍ ပြတော်မူသည်။ ကိုယ်တော်သည် သေခြင်းကို နှိုင်နင်း အောင်မြင်တော်မူ၍ ထာဝရအသက်ရှင်ခြင်းအကြောင်းကို ဧဝံဂေလိတရားတော်အားဖြင့် ထင်ရှားစေတော်မူသည်။

***ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။***

**ဧဝံဂေလိကျမ်းမဖတ်မီကြွေးကြော်သံ။**

တောက်ပသောတိမ်ထဲမှ "ဤသူသည် ငါအလွန်ချစ်မြတ်နိုးသောသားတော်ဖြစ်၏။ သူ့ကိုနားထောင်ကြလော့" ဟူခမည်းတော်ဘုရား၏အသံကိုကြားရ၏။

**ဧဝံဂေလိကျမ်း။**

**"ကိုယ်တော်၏မျက်နှာတော်သည် နေကဲ့သို့ထွန်းတောက်လေ၏။"**

*သံမာတေဦးရေးထားသောသန့်ရှင်းသောဧဝံဂေလိကျမ်း။ (၁၇၊ ၁မှ၉ အထိ)*

ထိုကာလ၌သခင်ယေရှုသည် ပေတရူး၊ယာကုပ်နှင့်သူ၏ညီယောဟန်ကိုခေါ်တော်မူပြီးလျှင် မြင့်စွာသောတောင်ပေါ်တွင် ဆိတ်ကွယ်ရာအရပ်သို့ဆောင်ယူတော်မူ၍ သူတို့ရှေ့မှာ အဆင်းသဏ္ဍာန် ပြောင်းလဲတော်မူ၏။ မျက်နှာတော်သည်နေကဲ့သို့ထွန်း တောက်လေ၏။ အဝတ်တော်သည်လည်း မိုးပွင့်ကဲ့သို့ဖြူ၏။ ထိုခဏ၌ မိုးဇယ်နှင့် ဧလိယတို့သည် ထင်ရှားပြ၍ ကိုယ်တော်နှင့်စကားပြောနေကြ၏။ ပေတရူးကလည်းအရှင်ဘုရား ဤအရပ်မှာ အကျွန်ုပ်တို့သည်နေစရာကောင်း၏။ အလိုတော်ရှိလျှင် ကိုယ်တော်ဖို့တဲတစ်ဆောင်၊မိုးဇယ်ဖို့တစ်ဆောင်၊ ဧလိယဖို့တစ်ဆောင် တဲသုံးဆောင်ဆောက်လုပ်ကြစို့ ဟုယေရှုအားလျှောက်လေ၏။ လျှောက်ရာတွင်ပင် ထွန်းလင်းသောမိုးတိမ်သည် သူတို့ကိုဖုံးလွှမ်းသဖြင့် မိုးတိမ်ထဲက အသံသည်ကား "ဤသူသည် ငါအလွန်နှစ်သက် မြတ်နိုးရာ ငါ၏သားပေတည်း။ သူ့ကိုနားထောင်ကြလော့" ဟုဆို၏။ တပည့်တော်တို့သည်လည်း ကြားရကြလျှင် မှောက်ခုံလဲကျလျက် အလွန်ကြောက်ကြ၏။ ယေရှုသည်လည်း ချဉ်းကပ်တော်မူ၍ သူတို့ကို တို့တော်မူလျက် ထကြလော့၊ မကြောက်ကြနှင့်ဟု မိန့်တော်မူ၏။ သူတို့သည်မော့၍ ကြည့်ကြလျှင်ယေရှုမှတစ်ပါး အဘယ်သူကိုမျှ မမြင်ရကြ။ တောင်ပေါ်မှဆင်းလာကြသောအခါ ယေရှုကလူသား သည်သေခြင်းမှ ထမြောက်သည်တိုင်အောင် သင်တို့မြင်ရခဲ့သောအရာကို အဘယ်သူကိုမျှမပြောကြနှင့်ဟု သူတို့ကိုမိန့်မှာတော်မူ၏။

***ဤသည်ကား ဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။***